

(စာစဉ်-၁၀)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန်Miracle Phyu

## အခန်း(၁၇၆)

## "ဘယ်လိုအမှိုက်မမျိုးလဲ။ သူမ ဘယ်လိုလုပ်နိုင်ရတာလဲ။" (၁)

လီရှစ်ကျီသည် ကြောက်ရွံ့ထိတ်လန့်မှုများ ဖုံးလွှမ်းသွားသည်။ လီဝမ့်ကျင်းကို အရေးပေါ်ကုသဆောင်သို့ ခေါ်ဆောင်သွားစဥ်ကတည်းက သူ့အဖေထံမှာ ဆိုးဝါးတဲ့အရာတစ်ခုခု ဖြစ်လာမှာကို စိုးရိမ်ပြီးတော့ ထိတ်လန့်တုန်လှုပ်နေခဲ့သည်။

သူက ဒီလိုဖြစ်လာဖို့ မရည်ရွယ်ခဲ့ပါဘူး။ သူ့အဖေရဲ့အခြေအနေက အရမ်းကြီး ပြင်းထန်နေမှန်းကို သူ တကယ် သတိမထားမိခဲ့ဘူး။

ဆရာဝန်၏ထုတ်ပြန်ချက်ကို ကြားပြီးနောက်တွင် သူ့ရဲ့ စဥ်းစားတွေးခေါ်နိုင်စွမ်းတွေ ပျောက်ဆုံးသွားခဲ့သည်။ ဆရာဝန်က သူ့အဖေကို တစ်နည်းနည်းနဲ့ ပြန်ခေါ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ကာ ဆရာဝန်ထံသို့ ပြေးသွားခဲ့သည်။

အဲ့တာပဲဖြစ်ရမယ်။ ဒီဆရာဝန်တွေက အစွမ်းကုန် မကြိုးစားခဲ့တာပဲ ဖြစ်ရမယ်။ သူ့အဖေ သေဆုံးသွားတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

နောက်ဆုံးတော့ သူပါးရိုက်ခံလိုက်ရပြီး သူ မတွေ့ရတာကြာပြီဖြစ်တဲ့ သူ့အမေကို တွေ့လိုက်ရသည်။ သူမက သူ့ကို စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပိုးကောင်တစ်ကောင်လို ကြည့်နေသလိုအကြည့်ဖြင့် ကြည့်နေတာကို တွေ့လိုက်ရသည်။

သူမ၏စကားလုံးများက သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ရေအေးတစ်ပုံးနှင့်

လောင်းချလိုက်သလို အေးစက်သွားစေသည်။

သူ့မျက်နှာဟာ ဖြူဖျော့သွားပြီးတော့ တတွတ်တွတ် ရေရွတ်နေခဲ့သည်။

"မဟုတ်ဘူး။ ဒါက အမှန်မဟုတ်ဘူး။ ငါ မယုံဘူး...."

သူ့မျက်လုံးများပူနွေးလာပြီး သူ့အမြင်အာရုံဟာ မှုန်ဝါးဝါးဖြစ်လာခဲ့သည်။ သူငယ်ငယ်တုန်းက သူ့အဖေက သူနဲ့အတူကစားပေးနေတာကို မြင်ယောင်လာမိသည်။

ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ။

လီရှစ်ကျီသည် သူ့ခြေလှမ်းများစွာ နောက်ပြန်ဆုတ်သွားကာ သူ့ပါးပြင်ပေါ် မျက်ရည်များစီးကျလာခဲ့သည်။ သူက သူ့အဖေကို နောက်ဆုံးအကြိမ်သွားကြည့်ဖို့တောင် မရဲဝင့်တော့ဘူး။ အကယ်၍ သူသာ သူ့အဖေရဲ့ရုပ်ကြွင်းကို သူ့မျက်လုံးနှင့်မကြည့်လျှင် ဒီအရာက အမှန်မဖြစ်နိုင်လောက်ဘူး။

ဖန့်ကျွင်းရုံသည် လီဝမ့်ကျင်းကို နောက်ဆုံးအကြိမ် သွားကြည့်ခဲ့ပြီး သူမဘေးတွင် ရှင်းယွင် တိတ်တဆိတ်ငိုကြွေးနေခဲ့သည်။

ဖန့်ကျွင်းရုံသည် ထိုကိစ္စများကို စဥ်းစားပြီးနောက် လီဝမ့်ကျင်း၏အခြားဆွေမျိုးများကို အကြောင်းကြားရန် ဖုန်းခေါ်ဖို့ စီစဥ်ခဲ့သည်။ သူတို့သည် လီဝမ့်ကျင်းနှင့် ကောင်းမွန်သော ဆက်ဆံရေးမျိုးမရှိသော်လည်း သူတို့အားအသိပေးအကြောင်းကြားသင့်သည်။

သူမသမီးလေးလီရှင်းယွင်က သူမကို တားမြစ်လိုက်သည်။ သူမလေးရဲ့မျက်ရည်များကို သုတ်ဖယ်လိုက်ရင်း အက်ကွဲနေသောအသံဖြင့် "အမေ အဲံကိစ္စတွေ သမီးပဲလုပ်လိုက်ပါ့မယ်။"

သူမအဖေနှင့် အဖေသည် ကွာရှင်းပြတ်စဲထားပြီးပြီဖြစ်သည်။ သူတို့ရဲ့

ဆက်ဆံရေးကြောင့် သူမရဲ့အမေက ဒီကိစ္စတွေဆောင်ရွက်ရန် မဖြစ်သင့်ဘူး။ သူမအသက်က ၁၇နှစ်ရှိနေပြီးဖြစ်ပြီး လာမည့်နှစ်တွင် အရွယ်ရောက်တော့မှာဖြစ်သည်။ သူမအရွယ်ရောက်သင့်သလောက်ရောက်နေပြီဖြစ်၍ ဒီကိစ္စတွေကို ကိုယ်တိုင်ဆောင်ရွက်သင့်သည်။

ပိုမိုရင့်ကျက်လာတဲ့ သူမသမီးလေးကိုကြည့်ရင်း ဖန့်ကျွင်းရုံက စိတ်နှလုံးပူဆွေးမှုနှင့် စိတ်သက်သာရာရမှုတို့ကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။

လီရှင်းယွင်က တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်အကြောင်းကြားလိုက်သည်။ သူမသည် ကျောင်းခွင့်ရက်အနည်းငယ်ယူခဲ့ပြီး ဈာပနနှင့်ပတ်သက်သောကိစ္စများကို ဂရုစိုက်လုပ်ရန် လိုလိမ့်မည်။ သူမရဲ့အစ်ကိုကဒါကို ဂရုစိုက်နိုင်လိမ့်မယ်လို့ သူမ မျှော်လင့်ချက်မရှိဘူး။

မနက်မိုးလင်းတော့ ရှေ့နေရောက်လာပြီး လီဝမ့်ကျင်းရဲ့ဆန္ဒကို သူနဲ့အတူယူဆောင်လာခဲ့သည်။

ရှေ့နေက အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီးတော့ သူမရောက်ခင် ဒီအဖြစ်အပျက်ကို ကြားသိပြီးပြီ။

"မနေ့တုန်းက မစ်စတာလီဝမ့်ကျင်း သူ့ဆန္ဒကိုပြင်ဆင်ထားခဲ့တယ်။" လို့ သူက တရားဝင်ပြောလိုက်သည်။

လီရှင်းယွင်နှင့် လီရှစ်ကျီတို့သည် သူ့သားသမီးများဖြစ်သည့်အတွက် အမွေနှင့်သက်ဆိုင်သည့်ဆန္ဒကို ၎င်းတို့အား ပြောပြရမည်ဖြစ်သည်။

ရှေ့နေက အမွေခွဲပေးသည့်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းများကို စတင်ဖတ်ခဲ့သည်။ လီဝမ့်ကျင်းသည် သူ့ပိုင်ဆိုင်မှုအားလုံးကို လီရှင်းယွင်ထံသို့ လွှဲပြောင်းပေးခဲ့ကြောင်းကြားလိုက်ရသောအခါ ကျန်းယာ့ကောသည်

ခေါင်းငုံ့ထားရာမှ ရုတ်တရက် ခေါင်းမော့ကြည့်လိုက်သည်။ သူမ အံ့သြ ထိတ်လန့်သွားပြီး နှုတ်မှလွှတ်ခနဲထွက်သွားသည်။

"အဲ့တာမဖြစ်နိုင်ဘူး။ ဘာလို့ ဦးလေးက ပိုင်ဆိုင်မှုအားလုံးကို လီရှင်းယွင်အတွက် ထားခဲ့ရတာလဲ။ သူက ပိုင်ဆိုင်မှုတွေကို လီရှစ်ကျီအတွက် ထားခဲ့သင့်တာ မဟုတ်ဘူးလား။"

လီဝမ့်ကျင်းက လီရှင်းယွင်ကို သဘောကျနှစ်သက်ခြင်း မရှိခဲ့ပါ။ တစ်လျှောက်လုံး လီရှစ်ကျီသည်သာ သူ့အနှစ်သက်ဆုံးသားဖြစ်ခဲ့ပြီး သူ့ရဲ့ အမွေဆက်ခံသူအဖြစ် အမြဲမှတ်ယူခဲ့သည်။ ထိုသို့သော လီဝမ့်ကျင်းက သူ့ ပိုင်ဆိုင်မှုအားလုံးကို လီရှင်းယွင်ထံသို့ ထားခဲ့မည်နည်း။ လီဝမ့်ကျင်း၏ပိုင်ဆိုင်မှုပမာဏသည် အလွန်ကျဆင်းသွားသော်လည်း ကျန်းယာ့ကော၏အမြင်တွင် ထိုပိုင်ဆိုင်မှုများသည် သူမတစ်ဘဝလုံးတွင် မရရှိနိုင်သောငွေပမာဏဖြစ်နေပြီဖြစ်သည်။

ဖန့်ကျွင်းရုံက သူမကို အေးစက်စွာကြည့်လိုက်သည်။ အချို့သောရှုထောင့်များမှကြည့်ရလျှင် သူမက ကျန်းယာ့ကောကို အထင်ကြီးလေးစားမိသည်။ သာမာန်လူတစ်ဦးသည် နာရီပေါင်းများစွာ ငိုကြွေးသောအခါတွင် သူ တို့၏မျက်လုံးများသည် သစ်ကြားသီးအရွယ်ခန့် ရောင်ရမ်းလာကြသည်။ အခြားတစ်ဖက်တွင် ကျန်းယာ့ကောသည် သူမပါးပြင်ပေါ်တွင် မျက်ရည် များစွာကျဆင်းသွားခဲ့သော်လည်း သူမ၏မျက်လုံးများသည် နီရဲနေပြီး ရောင်ရမ်းခြင်းမရှိပေ။

လီရှစ်ကျီ၏မျက်နှာအမူအရာသည် သူမနှင့် အနည်းငယ်တူသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။"

"ဒီဆန္ဒက တကယ့်အစစ်အမှန်လား။"

သူ့အဖေအကြောင်းကို သူကောင်းကောင်းသိသည်။ သူ့အဖေ အတွင်းစိတ်၌ အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်တယ်လို့ သူ့အဖေက ယုံကြည်ခဲ့သည်။ အများဆုံး သူက လီရှင်းယွင်အတွက် ခန်းဝင်ပစ္စည်းအနည်းငယ်လောက်ပဲ ထားခဲ့လိမ့်မယ်။ သူမကို ပိုင်ဆိုင်မှုအားလုံးကို ပေးခဲ့မှာ မဟုတ်ဘူး။

***

# အခန်း(၁၇၇)

## "ဘယ်လိုအမှိုက်မမျိုးလဲ။ သူမ ဘယ်လိုလုပ်နိုင်ရတာလဲ။" (၂)

ဖန့်ကျွင်းရုံသည် လီဝမ့်ကျင်းက နောက်ထပ်နှစ်အနည်းငယ်လောက် ဆက်လက်အသက်ရှင်ခဲ့ပါက သူ့ဆန္ဒကို နောက်တစ်ကြိမ် ပြုပြင်ပြောင်းလဲနိုင်လိမ့်မည်လို့ သူမ ခံစားမိသည်။ ဒါပေမယ့် မနေ့က အထူးအခြေအနေတစ်ရပ် ဖြစ်ပွားခဲ့သည်။ သူက လီရှင်းယွင်ကို သူ့ဖက်ပါအောင်လုပ်ချင်ခဲ့ပြီး သူမစိတ်နှလုံးကို ပျော့ပြောင်းသွားအောင်လုပ်ဖို့အတွက် ရှေ့နေနဲ့အသိသက်သေများကိုခေါ်၍ သူ့ဆန္ဒကို သတ်မှတ်ခဲ့သည်။ သူက ဒီဆန္ဒကို နောက်တစ်ကြိမ်ထပ်ပြီးမပြင်ဆင်ခင်မှာ လီရှစ်ကျီကြောင့် သူက ဒေါသအထွက်လွန်ပြီးတော့ ဘဝတစ်ပါးကူးပြောင်းသွားခဲ့ရသည်။

အချို့ရှုထောင့်တစ်ခုမှကြည့်လျှင် လီရှစ်ကျီသည် သူ့ကိုယ်သူ စိတ်တိုပြီး ဆဲရေးလိုက်မိသည်။

ထိုစကားကိုကြားလိုက်ရသောအခါ ရှေ့နေသည် အနည်းငယ် ဒေါသထွက်သွားသည်။

"မစ်စတာလီရှစ်ကျီ မင်းက ငါ့ရဲ့လုပ်ငန်းကျွမ်းကျင်မှုနဲ့ အကျင့်စာရိတ္တကို စော်ကားနေတာပဲ။"

"အကယ်၍ မင်း ငါ့ကိုမယုံဘူးဆိုရင် အခုချက်ချင်းပဲ အသိသက်သေနှစ်ယောက်ကို ခေါ်လိုက်လို့ရတယ်။"

လီရှစ်ကျီမှာ ဝမ်းနည်းပူဆွေးဖို့အချိန်မရှိတော့ပါဘူး။ အခုသူတွေးနိုင်တာ

တစ်ခုက သူက သူ့အဖေထံမှ အမွေတစ်ပြားမှမရခဲ့ဘူးဆိုတဲ့အချက်ကိုပါပဲ။ သူသည် ရှေ့နေက သူ့ကို လိမ်လည်ရန် အကြောင်းပြချက်မရှိကြောင်း နားလည်သော်လည်း သူ့စိတ်ထဲမှာတော့ လက်ခံနိုင်ရန် ခက်ခဲနေခဲ့သည်။

ဖန့်ကျွင်းရုံက သူမရဲ့ဝက်လိုတုံးအတဲ့သားကိုကြည့်ရင်း တခစ်ခစ်ရယ်မောကာ ထေ့ငေါ့ပြောလိုက်သည်။

"ကိုယ့်အဖေကိုသေအောင်ပြုလုပ်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ တရားဝင်အမွေဆက်ခံရမယ့်ကိစ္စကို မေးခွန်းထုတ်ဖို့ မင်းမှာဘယ်လိုမျက်နှာရှိတာလဲ။"

"အကယ်၍ သူက မင်းကိုအမွေဆက်ခံခွင့်ပေးခဲ့တယ်ဆိုရင် မင်းမှာ ဒါကိုလက်ခံဖို့ လိပ်ပြာသန့်ရဲ့လား။"

သူမ၏မေးခွန်းနှစ်ခုသည် လီရှစ်ကျီ၏မျက်နှာကို သွေးဆုတ်သွားစေသည်။ လီရှစ်ကျီ၏နှုတ်ခမ်းများသည် ပါးပြင်များထက်ပင် ဖျော့တော့နေပြီး သူ့ရဲ့ခန့်ညားချောမောသောမျက်နှာဟာ အမူအရာကင်းမဲ့ကာ သူ့မျက်လုံးများထဲတွင်တော့ တောင်းပန်တိုးလျှိုးမှုများပြည့်နှက်နေသည်။

"ဒီလောက်ဆို လုံလောက်နေပါပြီ။ ကျေးဇူးပြုပြီးတော့..." သူ့အသံဟာ တိုးသဲ့ပြီးအားလျော့နေခဲ့သည်။

ဖန့်ကျွင်းရုံက သူမနှုတ်ခမ်းကိုဝိုင်းလိုက်ကာ "ဘာလို့လဲ။ မင်းက ဒီလိုအရှက်မရှိတဲ့ကိစ္စမျိုးကို ပြုလုပ်ခဲ့ပေမယ့် မင်းကို အခြားသူတွေပြောတာကိုတော့ ရှက်တယ်လား။"

ကျန်းယာ့ကောသည် သူမချစ်သူအတွက် စကားမပြောပဲမနေနိုင်ခဲ့ပါ။

"ရှစ်ကျီက ဒီလိုဖြစ်လာဖို့ မရည်ရွယ်ခဲ့ပါဘူး။ ဘယ်သူကမှ ဒီလိုအဖြစ်ဆိုးမျိုးကို မဖြစ်စေချင်ပါဘူး။ ကျွန်မတို့က ဦးလေးကို အခြားသူတွေထက်ပိုပြီး

တော့ အသက်ရှင်စေချင်တာပါ။"

"ဒီလောက်ဆိုတော်လောက်ပြီ။ နင်တို့နှစ်ယောက်က ငါ့ကို စက်ဆုပ်ရွံရှာစေတယ်။" ရုတ်တရက် မော့ကြည့်ပြီးပြောလိုက်သည့် လီရှင်းယွင်၏မျက်လုံးများသည် နီရဲပြီးရောင်ရမ်းနေခဲ့သည်။

"အကယ်၍ အဖေက မင်းကိုအမွေဆက်ခံခွင့်ပေးခဲ့တယ်ဆိုရင်တောင် သူ့ကိုသေစေခဲ့တဲ့လူတစ်ယောက်အနေနဲ့ မင်းအရှက်မရှိပဲ ဒီအမွေတွေကို တကယ်လက်ခံနိုင်မှာလား။"

လီရှစ်ကျီ၏နှုတ်ခမ်းများဟာ တုန်ယင်လာခဲ့သည်။ သူက တစ်ခုခုပြောချင်သော်လည်း လဲမကျသွားခင်က သူ့အဖေရဲ့မျက်နှာကို မြင်ယောင်မိသည်။ ထိုအချိန်က သူ့ကိုရက်စက်ကြမ်းကြုတ်စွာကြည့်နေခဲ့ပြီးတော့ ထိုအကြည့်များထဲတွင် နာကျင်ယူကျုံးမရမှုများပါ ပြည့်နှက်နေခဲ့သည်။

သူ့ကိုစိုက်ကြည့်နေတဲ့ လီရှင်းယွင်ရဲ့အကြည့်အောက်မှာ သူက အဝေးသို့အကြည့်လွှဲလိုက်သည်။

လီရှင်းယွင်က အေးစက်စွာပြောလိုက်သည်။ "အနည်းဆုံးတော့ နင်နောင်တနည်းနည်းလောက်ရလိမ့်မယ်လို့ ငါထင်ခဲ့တယ်။ ဒါပေမယ့် ငါက နင့်အသိစိတ်ကို မတန်တဆတွက်မိသွားတာပဲ။ ဒီအချိန်မှာ နင်စဥ်းစားနေတာက ငွေကြေးဥစ္စာပဲ။ နင့်ကြောင့် သေသွားခဲ့တဲ့အသက်ကို မဟုတ်ဘူး။ နင်တို့နှစ်ယောက်စလုံး သွေးအေးပြီးတော့ တစ်ကိုယ်ကောင်းဆန်ကြတယ်။ နင်တို့နှစ်ယောက်စလုံးက အရမ်းလိုက်ဖက်တဲ့အတွဲပဲ။ ငါ့ကို မျက်စိပွင့်နားပွင့်စေတာပဲ။"

သူမက လီရှစ်ကျီကိုကြည့်ကာ "နင် ဘယ်တော့မှမမေ့နိုင်တဲ့လူမျိုးက ဒီလိုမိန်းမမျိုးတဲ့လား။ နူးညံ့ပြီးကြင်နာတတ်တဲ့အမျိုးသမီးတစ်ယောက်တဲ့လား။ ဟမ့်..."

"ဟမ့်" ဆိုသည့်စကားထက် ပို၍မထွေငေါ့ချင်တော့ပေ။

သူမရဲ့ မညှာတာသော အပြစ်တင်ဆုံးမမှုက ကျန်းယာ့ကောကို ဖျော့တော့သွားစေခဲ့သည်။ ကျန်းယာ့ကောက "မဟုတ်ဘူး။ ကျွန်မက အဲ့လိုမိန်းမစားမျိုးမဟုတ်ပါဘူး။" ဟု မသိစိတ်မှ ရေရွတ်ပြောဆိုလိုက်သည်။

ဦးလေးသေဆုံးသွားခဲ့သည့်ကိစ္စသည် ဖြစ်ပျက်ပြီးခဲ့ပြီးသောကိစ္စဖြစ်ပြီးတော့ မပြောင်းလဲနိုင်ဘူးလို့ သူမ ခံစားမိသည်။ အသက်ရှင်သန်နေဆဲသူများသည် မျှော်လင့်စောင့်စားရင်း ဆက်လက်ရှင်သန်ရပေမည်။ သူမသည် လီရှစ်ကျီ၏လက်မောင်းကို ဆုပ်ကိုင်ထားကာ သူ့ချစ်သူထံမှ အထောက်အပံ့ရှာရန်သာလိုသည်။

ကျန်းယာ့ကော၏အပြုအမူနှင့် သူမကွယ်လွန်ခင်က ပြောခဲ့သည့် သူ့အဖေရဲ့ပြောစကားများကို သတိရမိသောအခါ လီရှစ်ကျီက သူ့မသိစိတ်ကနေ သူမ ဆုပ်ကိုင်ထားသည့်လက်ကို ရှောင်တိမ်းလိုက်သည်။

ကျန်းယာ့ကောသည် အံ့အားသင့်သွားပြီးတော့ သူမမျက်ဝန်းများမှာ မယုံကြည်နိုင်မှုများ ပြည့်နှက်နေခဲ့သည်။

ထိုအခြင်းအရာကိုမြင်လိုက်ရသောအခါ ဖန့်ကျွင်းရုံသည် ဒီအရာကအလွန်ရယ်စရာကောင်းတယ်လို့သာ ခံစားခဲ့ရသည်။ သူမရဲ့ ဝက်လိုသားကကျန်းယာ့ကောထက် ဘယ်မှာပိုသာလို့လဲ။ သူ့အဖေရဲ့အမွေဥစ္စာအကြောင်းကိုပဲ အရင်ဆုံး တွေးခဲ့တာ မဟုတ်ဘူးလား။ ဒါက တကယ့်ကိုပဲ သူခိုးကိုလူဟစ်တာပဲ မဟုတ်လား။

သူမသည် ဒီကိစ္စကို စိတ်မဝင်စားသလို ဒီနှစ်ယောက်အနားမှာလည်း မနေချင်တော့ပေ။

လီရှစ်ကျီနှင့် ကျန်းယာ့ကောတို့ကို ဆူပူကြိမ်းမောင်းပြီးသော လီရှင်းယွင်

သည် သူမဖက်သို့လှည့်ကာ "မေမေ ဘာလို့ အိမ်ကိုပြန်ပြီး အနားမယူရတာလဲ။ သမီး ဒီနေရာကကိစ္စတွေကို တာဝန်ယူနိုင်ပါတယ်။" လို့ ပြောလိုက်သည်။

သူမသည် အသက်ငယ်ရွယ်သေးပြီး တစ်ခါတစ်ရံ နောက်ကျမှအိပ်စက်ခြင်းဟာ ပြဿနာတစ်ခုမဟုတ်ပါဘူး။

ဖန့်ကျွင်းရုံက သူမသမီးလေးရဲ့ကြင်နာတတ်မှုကို နားလည်တယ်။ သူမတစ်စုံတစ်ခုကိုစဉ်းစားမိပြီးတော့ သူမ၏ကိုယ်ပိုင်ရှေ့နေနှင့် ကျန်းသဲ့ရှန်းကို သူမသမီးလေးနှင့်အတူနေရန် ခေါ်လိုက်သည်။ သူတို့သည် သူမလေးအား အကူအညီအချို့ပေးနိုင်လိမ့်မည်။

လီရှင်းယွင်သည် သူမကို ဆေးရုံဝင်ပေါက်ရှေ့အထိ လိုက်ပို့ပေးခဲ့သည်။

ဖန့်ကျွင်းရုံက သူမလေးကို "သမီးလုပ်နိုင်သလောက်ကိုပဲ လုပ်ပါ။ သမီးမှာ အကူအညီတစ်ခုခုလိုအပ်ရင် မေမေ့ကို အသိပေးပါ။ ဟုတ်ပြီလား။"

လီရှင်းယွင်သည် သူမပါးစပ်လေးကို တင်းတင်းစေ့ပြီး "သမီး သိပါတယ်" လို့ ပြောလိုက်သည်။

***